# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

November 22, 2019 | Volume 25, Number 13


**၂၂.၁၁.၂၀၁၉**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၆ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၃၈၅၅၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၁၇/- ကျပ် |
| CBM Rate | = ၁၅၁၆.၄ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၇၇.၁ ကျပ် |
| စင်ကာပူတစ်ဒေါ်လာ | = ၁၁၁၃.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၅၇.၂ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၉၆.၆ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၃၂.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၅.၄၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၁၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၈၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၃.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၂၃၇ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com




## တရုတ်နိုင်ငံသို့ ပီလောပီနံတင်ပို့ရောင်းချရန် ဆွေးနွေးနေ

တရုတ်နိုင်ငံဘက်မှ မြန်မာ့ပီလောပီနံကို ဝယ်ယူလိုချင်ကြောင်း ပေးပို့လာသည့် အခြေပြစာချုပ်မူကြမ်းနှင့်ပတ်သက်ပြီး ဆွေးနွေးနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ တရုတ်ဘက်က သူတို့ဝယ်ချင်တဲ့ ပီလောပီနံလိုမျိုးကိုတင်ပြတယ်။ တရုတ်နိုင်ငံဘက်မှာ လိုအပ်ချက်ရှိတဲ့အပေါ် မြန်မာနိုင်ငံအနေနဲ့ တင်ပို့ဖို့အတွက် လက်မှတ်ထိုးဖို့ကိစ္စတွေကို သက်ဆိုင်ရာဌာနတွေနဲ့ ဆွေးနွေးနေပါတယ်။ တရုတ်ဘက်ကလည်း ဘယ်ပစ္စည်းတွေလိုတယ်ဆိုတာကို တင်ပြထားတာတွေရှိပါတယ်။ ကိုယ့်ဘက်က ဆောင်ရွက်နိုင်တာရှိရင် လက်မှတ်ထိုးပြီး ဆောင်ရွက်ကြတာပါဟု စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စပါးနှင့်ပီလောပီနံများ တင်ပို့ရောင်းချနိုင်ရန်အတွက် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၊ အပင်နှင့်တိရိစ္ဆာန်ရောဂါထိန်းချုပ်ရေးဌာန(GACC)မှ ပြုစုပေးပို့လာသော အခြေပြစာချုပ်မူကြမ်းအပေါ် မြန်မာနိုင်ငံဘက်မှ စိုက်ပျိုးရေးဦးစီးဌာနတာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူများ၏ ညှိနှိုင်းတွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက်တွင် ကုန်သည်စက်မှုအသင်းချုပ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယင်းဆွေးနွေးပွဲအရ တရုတ်နိုင်ငံဘက်မှ ပေးပို့လာသော အခြေပြစာချုပ်မူကြမ်းကို လက်မှတ်ရေးထိုးနိုင်ရန်နှင့် အဆိုပါကန့်သတ်ချက်များနှင့် ညီညွတ်ပါကတင်ပို့မည်ဖြစ်သည်။

အဆိုပါ စာချုပ်ပါအချက်အလက်များကို တင်ပို့ရောင်းချမည့် လုပ်ငန်းရှင်များ

အားလုံးသိရှိနိုင်ရန်အတွက် ထပ်မံတွေ့ဆုံဆွေးနွေးတင်ပြပေးရန်လည်း ညှိနှိုင်းခဲ့ကြပြီး နှစ်နိုင်ငံလက်မှတ်များရေးထိုးပြီးပါက ပုံမှန်လမ်းကြောင်းမှ လွတ်လွတ်လပ်လပ်ဖြင့် တရားဝင်တင်ပို့နိုင်မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131280.html

## ၁၀ နှစ်တာကာလအတွင်း တရုတ်သို့ သစ်သီးဝလံတင်ပို့မှု မြင့်တက်လာ



၁၀ နှစ်တာ ကာလအတွင်း တရုတ်သို့ သစ်သီးဝလံတင်ပို့မှု မြင့်တက်လာကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံနှင့်ပန်းမန်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် ရောင်းချသူများအသင်း (MFVP) ထံမှသိရသည်။ ထို့ပြင် အခြားနိုင်ငံများသို့လည်း ဈေးကွက်ချဲ့ထွင်တိုးမြှင့်တင်ပို့ရန်လည်းလိုအပ်သည်။ အသင်း ဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က ပြည်ပတင်ပို့မှုမှာ ၁၀ နှစ်လောက်အတွင်းကို တန်ချိန် ၁၀ သိန်းလောက်တိုးပြီး ပို့နိုင်လာတယ်။ သခွားမွေးဆိုရင် တန်ချိန်တစ်သိန်းခွဲလောက် ပို့လာနိုင်ခဲ့တယ်။ သရက်သီးဆိုရင်လည်း တန်ချိန်နှစ်သောင်းခွဲကနေ လေးသောင်းခွဲလောက်ထိ ပို့လာနိုင်တယ်။ ဒါတွေကတရုတ်ကို အများစု သွားတာတွေပေါ့။ တခြားဈေးကွက်ဆိုရင် သရက်နဲ့လက်ဖက်အစိုကို အီးယူနဲ့ဂျာမနီကိုပို့နေတာရှိတယ်။ လက်ဖက်အစိုဆိုရင်တော့ အမေရိကန်ကို တင်ပို့နေတယ်။ ဒီလိုတင်ပို့နိုင်တာလည်း အနည်းအကျဉ်းပဲရှိသေးတယ်ဟု ပြောသည်။

ကုမ္ပဏီအချို့နှင့် အဖွဲ့အစည်းများအနေဖြင့် ပြည်ပနိုင်ငံအများစုသို့ အနည်းငယ်တင်ပို့မှုများရှိနေပြီး ကျယ်ကျယ်ပြန့်ပြန့်တင်ပို့ရန် ဆက်လက်ကြိုးပမ်းရန်လိုအပ်ကြောင်း၊ ၉၀ ရာခိုင်နှုန်းခန့်သော သစ်သီးဝလံများကို တရုတ်သို့တင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။ ဖရဲနှင့်သခွားကို တရုတ်အပြင် နိုင်ငံတကာသို့ တင်ပို့ရန် ကြိုးစား နေကြောင်းသိရသည်။ ထို့ပြင် အခြားသစ်သီးဝလံများဖြစ်သည့် ငှက်ပျောသီး၊ သံပရာသီး၊ ထောပတ်သီး၊ နာနတ်သီး၊ ကျွဲကောသီးတို့ကို အများအပြားတင်ပို့ရန် အလားအလာရှိနေခြင်းကြောင့် တရားဝင်တင်ပို့ခွင့်ရရှိရန် သက်ဆိုင်ရာဌာနများသို့ တင်ပြထားကြောင်းသိရသည်။ တရားဝင်တင်ပို့ခွင့်ရရှိထားသော သီးနှံများဖြစ်သည့် ဒူးရင်းသီး၊ ကြက်မောက်သီးနှင့် လိုက်ချီးသီးတို့ကိုတင်ပို့နိုင်ခြင်းမရှိသေးကြောင်းသိရသည်။ အခုနောက်ပိုင်းမှာဆိုရင် ကျွန်တော်တို့ဆီက ထွက်တဲ့သီးနှံတွေက အရည်အသွေးလည်းကောင်းလာတယ်။ ထုပ်ပိုးမှုစနစ်လည်း မြင့်လာတဲ့အတွက်ကြောင့် ဥရောပကို တင်ပို့ဖို့လုပ်နေသလို စင်ကာပူကိုတင်ပို့ဖို့လည်းရှိတယ်။ ရေတ်သီးဆိုရင် တရုတ်နိုင်ငံအပြင် မလေးရှားကို တင်ပို့နေတာတွေလည်းရှိတယ်ဟု ဦးစိုးသန်းမင်းဒင်က ဆက်လက်ပြောသည်။

သစ်သီးဝလံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းနှင့် ပင်းရှန်အပြည်ပြည်ဆိုင်ရာ သစ်သီးဝလံကူးသန်းရောင်းဝယ်ရေးအသင်းတို့အကြားနားလည်မှုစာချွန်လွှာကို တရုတ်နိုင်ငံ၊ နန်နင်းမြို့၌ စက်တင်ဘာလအတွင်း လက်မှတ်ရေးထိုးခဲ့ကြသည်။ သစ်သီးဝလံတင်ပို့မှုက တစ်နှစ်ကန်ဒေါ်လာ သန်း ၁၀၀ ခန့် ရရှိနေသော်လည်း နည်းပါးနေသေးကြောင်းသိရသည်။ သန်း ၁၀၀ ဆိုတာ နိုင်ငံအတွက် နည်းပါးတဲ့ပမာဏတစ်ခုဖြစ်တယ်။ တိုးတက်အောင်လည်း ဈေးကွက်တွေရှာနေတယ်။ မြန်မာနိုင်ငံကသီးနှံကို ပြည်ပနိုင်ငံတွေက စိတ်ဝင်စားတာရှိပေမယ့် သူတို့လိုချင်တဲ့ ပမာဏတစ်ခုကို ထုတ်မပေးနိုင်သေးဘူး။ သီးနှံတွေကို အလုမ်းဝေးတဲ့နိုင်ငံတွေကို ရောင်းပေးနိုင်ဖို့ အခက်အခဲတွေရှိနေသေးတယ်။ လက်ရှိမှာလည်း တရုတ်နိုင်ငံကို သီးနှံရှစ်မျိုး တရားဝင်တင်ပို့ခွင့်ရပေမယ့် အခုချိန်ထိ လေးမျိုးပဲတင်ပို့နိုင်သေးတယ်။ လမ်းကြောင်းဆိုရင်လည်း မူဆယ်ကနေပဲသွားလို့ရတာကြောင့် လမ်းပိတ်ရင် အခက်အခဲတွေကြုံရလို့ တခြားလမ်းကြောင်းတွေကလည်း တင်ပို့နိုင်အောင် ကြိုးစားနေတယ်ဟု အသင်း၏ အတွင်းရေးမှူး ဦးကျော်သူက ပြောသည်။

အသင်းအနေဖြင့် တရုတ်သို့သီးနှံ ၂၂ မျိုး တင်ပို့ခွင့်ရရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ လွန်ခဲ့သည့်တစ်နှစ်က တောင်းဆိုမှုများ ပြုလုပ်ထားသော်လည်း ယနေ့အချိန်အထိ ခွင့်ပြုချက်မရရှိသေးသည့်အတွက် ဆက်လက်တောင်းဆိုသွားမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ကချင်ပြည်နယ်ရှိ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဝင်ပေါက်လမ်းကြောင်းတစ်ခုပြုလုပ်ပေးရန် တောင်းဆိုထားသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/news/8288671

## မော်လူးဒေသထွက် ဝါးထည်များ တရုတ်နယ်စပ်မှ ဝယ်ယူမှုများသော်လည်း ဒေသတွင်းထုတ်လုပ်သူနည်းပါးလာ



စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့နယ်မော်လူးဒေသ၌ ဆောင်းရာသီကာလ ဝါးထည်ပစ္စည်းမျိုးစုံထုတ်လုပ်လျက်ရှိရာ၊ ကုန်ချောပစ္စည်းမျိုးစုံအား မြစ်ကြီးနား၊ ဗန်းမော်ဒေသ တရုတ်နယ်စပ်ဈေးကွက်မှ အများဆုံးဝယ်ယူနေသော်လည်း ဈေးကွက်လိုအပ်ချက် ပြည့်မီအောင်ထုတ်လုပ်ရောင်းချနိုင်ခြင်း မရှိသည့်အပြင် တစ်နှစ်ထက်တစ်နှစ် ဝါးထည်ပစ္စည်း ထုတ်လုပ်သူ နည်းပါးလာနေကြောင်း မော်လူးမြို့ဒေသခံ ဝါးပစ္စည်းမျိုးစုံထုတ်လုပ်ရောင်းချနေသူ ဦးအောင်နိုင်ကပြောသည်။

မော်လူးမြို့ပေါ်၌ ဝါးမှလူသုံးကုန်ပစ္စည်း၊ ကုန်ချောထုတ်လုပ်သူများ တစ်နှစ်ထက်တစ်နှစ် နည်းပါးလာနေပြီး၊ နောက်မျိုးဆက်သစ်တို့ကလည်း ဝါးကုန်ချောထုတ်လုပ်သည့် ရိုးရာလက်မှုပညာကို လက်ဆင့်ကမ်းသင်ယူခြင်း၊ လုပ်ကိုင်ခြင်းမရှိသည့်အပြင် ကျောက်တွင်းနှင့် ရွှေတွင်းများ၌ သွားရောက် အလုပ်လုပ်ကိုင်ခြင်းနှင့် နိုင်ငံရပ်ခြား သွားရောက် လုပ်ကိုင်ခြင်းတို့သာ များပြားလာနေကြောင်း ဦးအောင်နိုင်က ပြောသည်။ လွန်ခဲ့တဲ့ဆယ်စုနှစ် တစ်စုကျော် ကာလတုန်းက မော်လူးဒေသမှာ ဝါးကုန်ချောထုတ်လုပ်သူဦးရေ တစ်ရာကျော်ရှိတယ်၊ အခုတော့ လေး၊ ငါး၊ ၁၀ ဦးဝန်းကျင်ပဲရှိတော့တယ်၊ အဓိကကတော့ လုပ်ချင်ကိုင်ချင်တဲ့ မျိုးဆက်သစ် နည်းလာတယ်၊ ကုန်ကြမ်းဖြစ်တဲ့ ဝါးတောတွေလည်း နည်းပါးလာသလို၊ အခုခေတ်ပေါ်ရေခြားမြေခြားသွားတဲ့ အလုပ်အကိုင်သစ်တွေကလည်းရှိလာတဲ့အတွက် ဒေသရိုးရာလုပ်ငန်းတွေ ပျောက်ကွယ်လာတာဖြစ်ပါတယ်ဟု ယင်းကပြောသည်။

ယင်းဒေသထွက် ဝါးပစ္စည်းများထုတ်လုပ်ရန် ကုန်ကြမ်းဝါးကို မော်လူးမြို့အရှေ့ဖက်မိုင် ၂၀ ဝန်းကျင်ဝေးသည့် တောကြီးအတွင်း သွားရောက်ခုတ်ယူကြရပြီး ဆိုင်ကယ်ဖြင့် နေ့ချင်းပြန် တစ်ခေါက်ခရီးဖြစ်ကြောင်း သိရသည်။ ယင်းဝါးကုန်ကြမ်းမှ ဝါးကုလားထိုင်အခင်း ၊ဝါးပလိုင်းအကြီးအသေးမျိုးစုံ၊ စားသောက်ဆိုင်များတွင်အသုံးပြုသည့် ဝါးတူ၊ ဝါးခမောက်နှင့် ကုန်စျေးသည်များအသုံးပြုသည့် ကုန်စိမ်းထည့်ဝါးတောင်းကြီးများ ရက်လုပ်ရောင်းချပြီး တရုတ်နယ်စပ်သို့ အများဆုံးတင်ပို့ရောင်းချသည်။ ကျွန်မကတော့ လွယ်ပလိုင်းနှင့် ကုလားထိုင်အခင်းရက်တယ်၊ လွယ်ပလိုင်းကတော့ အလုံးအကြီးအသေးပေါ်မူတည်ပြီး တစ်ရက်နှစ်လုံး၊ သုံးလုံးပြီးတယ်၊ ကုလားထိုင်အခင်းတွေကတော့ တစ်ရက်ငါးချပ်၊ ခြောက်ချပ်ပြီးတယ်၊ ထွက်လာတဲ့ကုန်ချောတွေကို စောင့်ဝယ်နေတဲ့ဖေါက်သည်ရှိတယ်၊ အားလုံးတရုတ်နယ်စပ်ကို တင်ပို့ရောင်းချတယ်၊ တချို့လည်းမိုးကောင်းမိုးညှင်း၊ ကောလင်း၊ ရွှေဘို၊ မန္တလေးဖက် တင်ပို့ရောင်းချတာရှိတယ်ဟု ကုလားထိုင်အခင်း ရက်လုပ်ရောင်းချသူ မနန်းသူဇာအေးကပြောသည်။ ယခုရက်ပိုင်း မော်လူးမြို့တွင် ကုလားထိုင်အခင်းတစ်ခု ကျပ် ၁၅၀၀ မှ ကျပ် ၂၀၀၀၊ လွယ်ပလိုင်းခြင်းတောင်း တစ်လုံးလျှင် အကြီးအသေးပေါ်မူတည်၍ ကျပ် ၁၀၀၀ ကျပ်မှ ကျပ် ၃၀၀၀ အထိ၊ ကုန်စိမ်းထည့်ခြင်းကြီးတစ်လုံးလျှင် ကျပ် ၂၀၀၀ နှင့် ခမောက်တစ်ချပ်လျှင် ကျပ် ၃၅၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/131222.html

## အသားနှင့်လယ်ယာထွက်ကုန်အချို့ မြန်မာသို့တင်သွင်းရန် အမေရိကန်လာရောက်ဆွေးနွေး

တရုတ်နှင့်ကုန်သွယ်ရေးတင်းမာနေသည့် အမေရိကန်နိုင်ငံက ဝက်သား၊ လယ်ယာထွက်ကုန်နှင့်ယမကာတို့ကို မြန်မာနိုင်ငံသို့တင်သွင်းရန်ကြိုးစားနေသည်။ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံအမတ်ကြီး မစ္စတာစကော့မာစီရယ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က နိုဝင်ဘာ ၁၉ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် လာ ရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံတွင် အမေရိကန်စီးပွားရေးလုပ်ငန်းများတိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံရေး ဆောင်ရွက်မည့်အခြေအနေနှင့် ကုန်သွယ်ရေးတိုးမြှင့်နိုင်မည့်အခြေအနေများ ဆွေးနွေးကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ မြန်မာနိုင်ငံအနေနဲ့တော့ မွေးမြူရေးအစားအစာ တင်သွင်းလိုတယ်လို့ တင်ပြဆွေးနွေးခဲ့ပါတယ်ဟု ၎င်းကပြောသည်။

မြန်မာ၊ အမေရိကန် နှစ်နိုင်ငံကုန်သွယ်မှု ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ကန်ဒေါ်လာ တစ်ဘီလီယံခန့် ကုန်သွယ်ခဲ့သည်။ မြန်မာနိုင်ငံမှ ပို့ကုန်တန်ဖိုး ဒေါ်လာသန်း ၆၅၀ ကျော်ရှိပြီး သွင်းကုန်တန်ဖိုး ဒေါ်လာသန်း ၃၀၀ ကျော်ရှိသည်။ မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း ကန်ဒေါ်လာ ၈၁ ဒသမ ၈ ဘီလီယံကျော်တွင် အမေရိကန်နိုင်ငံမှ တိုက်ရိုက်လာရောက် ရင်းနှီးမြှုပ်နှံထားသည့် ပမာဏသန်း ၅၃၀ ကျော်သာ ရှိသည်။ မြန်မာနိုုင်ငံ၌ ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ ၅၀ တွင် အမေရိကန်က အဆင့်(၁၃) တွင် ရှိနေသည်။

မြန်မာနိုင်ငံအတွင်း အားလုံးပါဝင်နိုင်သည့် စီးပွားရေးဖွံ့ဖြိုးမှု မြင့်တင်နိုင်ရန် အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီ (USAID)က ဒေါ်လာ ၁၆၅ သန်းတန် အစီအစဉ်ရှိကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက နိုဝင်ဘာ ၅ ရက်တွင် ထုတ်ပြန်သည်။ မြန်မာနိုင်ငံ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အမေရိကန်ကုမ္ပဏီများက အလိုက်သင့်တုံ့ပြန်နေပြီး နိုင်ငံအတွင်း ပြုပြင်ပြောင်းလဲမှုများကို နည်းပညာအကူအညီမှတစ်ဆင့် အမေရိကန်ပြည်ထောင်စုက အားပေးကူညီနေသည်ဟု ဖော်ပြထားသည်။ USAID အစီအစဉ်သည် ဒေသတွင်းတာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး အားလုံးအကျုံးဝင်သည့် စီးပွားရေးဖွံ့ဖြိုးမှုကို အမေရိကန်ပြည်ထောင်စုက ဆက်လက်အားပေးကူညီနေသည့် နည်းလမ်းဖြစ်ကြောင်းဖော်ပြသည်။

**Source:** https://www.7daydaily.com/–171663

## လက်ရှိအစိုးရလက်ထက်၌ ပို့ကုန်သုံးဆမြှင့်တင်နိုင်ရေး ရည်မှန်းထားပြီး လက်ရှိအခြေအနေတွင် ပို့ကုန်တင်ပို့မှုမှာ၂၀၁၅ ခုနှစ်ကထက် နှစ်ဆတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ဒုတိယဝန်ကြီးပြောကြား



လက်ရှိ NLD အစိုးရလက်ထက်တွင် ပို့ကုန်သုံးဆမြှင့်တင်နိုင်ရေး ရည်မှန်းထားပြီး လက်ရှိအခြေအနေတွင် ပို့ကုန်တင်ပို့မှုမှာ ၂၀၁၅ ခုနှစ်ထက် နှစ်ဆတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ပြည်တွင်းပြည်ပကုန်သွယ်မှုဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရန်ဖြစ်ပြီး အဓိကရည်မှန်းချက်မှာ ပို့ကုန်မြှင့်တင်ခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိစေရန်ဖြစ်ကြောင်းသိရသည်။

လက်ရှိ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ယခင်နှစ်နည်းတူ ကုန်သွယ်မှုလိုငွေပမာဏ ဒေါ်လာသန်း ၅၀၀ သာရှိစေရန် မျှော်မှန်းထားသော်လည်း လက်တွေ့လုပ်ကိုင်ရာ၌ အခက်အခဲများ ရှိနေကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်ကပြောကြားသည်။ ကုန်သွယ်မှုလိုငွေဆိုသည်မှာ မိမိနိုင်ငံက တင်ပို့သည့်ပို့ကုန်တန်ဖိုးထက် သွင်းကုန်တန်ဖိုး မြင့်မားနေခြင်းကိုဆိုလိုသည်။ တစ်နည်းအားဖြင့် မိမိနိုင်ငံက တင်ပို့နိုင်မှုစွမ်းအားထက် ပြည်ပမှ ပိုမိုတင်သွင်းနေရခြင်းဖြစ်သည်။ ကုန်သွယ်မှုလိုငွေကတော့

နည်းနည်းလေးလျှော့မယ့်သဘောလေးရှိတယ်။ လျှာထားချက်ကတော့ ဒေါ်လာသန်း ၅၀၀ လောက်ပဲ ရှိအောင်ပေါ့နော်။ ဒါပေမဲ့ တကယ်လက်တွေ့လုပ်တဲ့အခါကျတော့ ကိုယ့်ပြည်တွင်းလည်း စားသုံးမှုအားကောင်းလာတယ်။ ရင်းနှီးမြှုပ်နှံမှုပိုင်းမှာလည်း အထူးသဖြင့် အသေးစား၊ အလတ်စား လုပ်ငန်းတွေမှာ ကုန်ကြမ်းလိုအပ်တော့။ ဥပမာ မွေးမြူရေးကတက်လာတယ်။ ကြက်စာအရမ်းတင်သွင်းဖြစ်တယ်။ ပဲပိစပ်ကြိတ်ဖက်ဆိုရင် ဟိုတုန်းက တန်ချိန်နှစ်သောင်းလောက် တစ်နှစ်ကို အခုဆို တန်ချိန် ငါးသောင်းအထိ သွင်းလာတဲ့အခါကျတော့ ခွင့်ပြုရတာပဲ။ ဒါမှလည်း ဒီဘက်ကလုပ်ငန်းတွေက တိုးတက်မှာ။ ဒါတွေက လျှော့လို့မရဘူးလေ။ တချို့ကလည်း ခရီးသွားတက်လာတဲ့အခါမှာ ဒီမှာမထုတ်နိုင်တဲ့ ဝက်အူချောင်းတို့ အကောင်းစားငါးတွေ တင်သွင်းရတာရှိတယ်။ စားအုန်းဆီကလည်း လျှော့မပေးနိုင်ဘူး။ ဒီဇယ်မှာလည်း လျှော့လို့မရဘူး။ ဆေးဝါးကလည်း လျှော့လို့မရဘူးဆိုတော့ အလှကုန်ပစ္စည်းကလည်း လျှော့လို့မရဘူးဟု ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

ပြီးခဲ့သည့် ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်တွင် ကုန်သွယ်မှုလိုငွေပမာဏ အမေရိကန် ဒေါ်လာသန်း ၅၀၀ အထိ လျှော့ချရန် မျှော်မှန်းခဲ့သည်။ သို့သော် ဘဏ္ဍာနှစ်ကုန်ဆုံးချိန်၌ ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၅ ဘီလျံကျော် ဖြစ်ပေါ် ခဲ့သည်။ ၂၀၁၈ ဘဏ္ဍာနှစ်ကြားကာလ ခြောက်လတွင် စုစုပေါင်းကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၈ ဘီလျံကျော် ရရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ တစ်ဘီလျံကျော် ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၌ စုစုပေါင်း ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၃၃ ဘီလျံကျော်ရှိပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၈ ဘီလျံကျော် ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ စုစုပေါင်းကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၂၉ ဘီလျံကျော်ရရှိခဲ့ပြီး ကုန်သွယ်မှုလိုငွေမှာ အမေရိကန် ဒေါ်လာ ငါးဘီလျံကျော်ဖြစ်ပေါ်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွက် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၃၄ ဘီလျံရရှိရန် ခန့်မှန်းထားပြီး ပို့ကုန်ကဏ္ဍမှ ဒေါ်လာ ၁၈ ဘီလျံအထိ တင်ပို့နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောကြားသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှ ပြည်ပသို့ အဓိကတင်ပို့နေသည့် ပို့ကုန်များမှာ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ပစ္စည်း၊ သစ်တောထွက်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချော CMP နှင့် အခြားပစ္စည်းများ စသည်တို့ကို တင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပမှရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ CMP ကုန်ကြမ်းပစ္စည်းစသည်တို့ကို အဓိကတင်သွင်းနေခြင်းဖြစ်သည်။

**Source:** https://news-eleven.com/article/146424

## ဆန်စျေးကျသည့်အပြင် အရောင်းအဝယ်ပါ ရပ်တန့်နေ



တရုတ်သို့ မတင်ပို့နိုင်ခြင်း၊ ဆန်သစ်များပေါ်လာခြင်းတို့ကြောင့် စျေးကွက်အတွင်း ဆန်များစုပြုံနေကာ စျေးနှုန်းကျဆင်းနေမှုနှင့် အတူ အရောင်းအဝယ်ပါ ရပ်တန့်နေကြောင်း မန္တလေးဆန်စပါး ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးကျော်ကျော်နိုင်ကပြောသည်။ အဝယ်မရှိချိန် အသစ်တွေကလည်းပေါ်တယ်။ လက်ကျန်တွေဆိုရင် မနှစ်က မိုးစပါး တွေတောင်ရှိသေးတယ်။ အဲဒီတော့ရောင်းချင်တဲ့သူက များတဲ့ အတွက် စျေးကကျလာတယ်။ အဲဒီထက်ဆိုးတာက ဝယ်မယ့် သူမရှိဖြစ်နေတာပါ။ အခုလက်ရှိအတိုင်းဆိုရင် ဆန်တွေတော်တော် များများ ကျန်မယ့်အခြေအနေမှာရှိတယ်ဟု ၎င်းကပြောသည်။

ဆန်သစ်ပေါ်ခြင်းကြောင့်ပြည်တွင်း စားသုံးသည့် ရွှေဘိုပေါ်ဆန်းများမှာ ပိဿာသုံးဆယ်ဝင် တစ်အိတ်လျှင် ကျပ် ၅၆၀၀၀ စျေးပေါက်ရာမှ လက်ရှိတွင်ကျပ် ၅၂၀၀၀ သို့ ကျဆင်းလာပြီး ရွှေဘိုမနော်၊ ရေမင်း၊ ဧည့်မထစသည်တို့မှာလည်း တစ်အိတ်လျှင် ကျပ်ထောင်ဂဏန်းခန့်ကျဆင်းလျက်ရှိသည်။ ပြည်ပပို့ဆန်များဖြစ်သည့် ရက်ကိုးဆယ်၊ သုခ၊ ဧည့်မထ၊ ရတနာတိုးနှင့် အခြားစပါးမျိုးမှာ ပိဿာချိန် ၃၀ ကျော်ပါ တစ်အိတ်လျှင် ယခင်က ကျပ် ၂၀၀၀၀ ခန့်ရှိရာမှ လက်ရှိ ကျပ်

၁၆၅၀၀ အထိ ကျဆင်းလျက်ရှိကြောင်းသိရသည်။ မနှစ်ကဆိုရင် ပြည်ပပို့ဆန်တွေက ကျပ် ၂၀၀၀၀ ဝန်းကျင်လောက်ရှိတယ်။ ဒီနှစ်ကတော့ အဆိုးဆုံးအခြေအနေမှာရှိတယ်။ ရောင်းရင်လည်း ဝယ်မယ့်သူက မရှိတဲ့အခြေအနေမှာရှိတဲ့အတွက် တော်တော်အဆင်မပြေကြဘူး။ ပြည်တွင်းမှာရှိတဲ့ ဆန်စက်တွေကလည်း မဝယ်ကြဘူး။ တရုတ်ဘက်ကို ပြန်လည် တင်ပို့နိုင်မှသာ ဒီကိစ္စတွေ ပြေလည်သွားမှာဖြစ်တယ်ဟု ၎င်းကဆက်လက်ပြောသည်။

ဆန်စျေးကွက် မကောင်းမွန်ခြင်းကြောင့် ပြည်တွင်းစားသုံးဆန်မဟုတ်ဘဲ ပြည်ပပို့ဆန်များကို စိုက်ပျိုးသူများမှာ အခြေခံစျေးသတ်မှတ်ထားသည့် စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းစျေးနှုန်းကို မရသည့်အခြေအနေရှိနေကြောင်းသိရသည်။ ငါးသိန်းလို့ သတ်မှတ်ပေမယ့် အမှန်တကယ် စျေးကွက်ထဲမှာဝယ်သူမရှိတော့ ပေးတဲ့စျေးနဲ့ရောင်းကြရတာပဲ။ မရောင်းရင် တောင်သူတွေက သိုလှောင်ထားတဲ့အခြေအနေမှာမရှိပါဘူး။ ဒါကြောင့် ဆန်စျေးကွက်ကောင်းမွန်စေချင်တယ်။ ဒါမှ ကုန်သည်တွေလည်းအဆင်ပြေ၊ စိုက်ပျိုးသူတွေလည်း အဆင်ပြေမှာဖြစ်တယ်ဟု မတ္တရာမြို့နယ်မှ တောင်သူဦးစံကပြောသည်။ ယခုဖြစ်ပေါ်နေသော အခြေအနေကို ထိန်းသိမ်းနိုင်ခြင်းမရှိလျှင် ဆန်စျေးကွက်အခြေအနေ ပိုမိုထိခိုက်လာနိုင်မည်ဖြစ်ပြီး ဆန်များစျေးကွက်အတွင်းစုပုံကာ ဆန်စျေးကွက်ပျက်သည့်အခြေအနေဖြစ်ပေါ်လာနိုင်ကြောင်း ကုန်သည်များကသုံးသပ်ကြသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/8299994

## ဒုတိယအကြိမ်မြောက် မြန်မာ့လက်ဖက်ပွဲတော် ကျင်းပ



မြန်မာနိုင်ငံ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ပင်းတယ လက်ဖက်စက်ဝန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကကြီးမှူး၍ လက်ဖက်ပွဲတော်နှင့် ဒေသထွက်ရိုးရာကုန်စည်ပြပွဲကို နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ရှမ်းပြည်နယ်တောင်ပိုင်းရှိ ခနဆုံစည်းရာ ဖျော်ဖြေရေးကွင်းတွင်ကျင်းပသည်။ ပွဲတော်ကာလအတွင်း ဒေသထွက်ကုန်များ၊ စားသောက်ကုန်လုပ်ငန်းများ၊ စိုက်ပျိုးရေးသုံးမြေသြဇာကုမ္ပဏီများ၊ စက်ကိရိယာကုမ္ပဏီများမှ ပြခန်းများခင်းကျင်းရောင်းချသည့်အပြင် လက်ဖက်နှင့်ဆက်စပ်သည့် နည်းပညာများ၊ ထုတ်ကုန်များကို ခင်းကျင်းပြသသည်။

ထို့ပြင် ဒေသထွက် ရိုးရာလုပ်ငန်းများမှ ထုတ်ကုန်များ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ဖျော်ဖြေရေးပွဲများဖြင့် စည်ကားစွာကျင်းပသည်။ ပင်းတယ မြို့နယ်သည် လက်ဖက်မြို့တော်ဖြစ်ရမည်ဟူသော ဆောင်ပုဒ်နှင့်အညီ ယခုကဲ့သို့ပွဲတော်များ ပြုလုပ်ခြင်းဖြင့် လက်ဖက် စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသည့်ကဏ္ဍ မြင့်တက်လာစေပြီး စျေးကွက်ချိတ်ဆက်မှုများအတွက်လည်း အထောက်အပံ့ ဖြစ်စေကြောင်း မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်ကပြောကြားသည်။ အခုလိုပွဲတော်တွေ ကျင်းပပေးတဲ့အတွက် ဒေသခံတွေ ပိုတက်တက်ကြွကြွပါဝင်လာကြ တယ်။ နှိုးဆော်တဲ့သဘောလည်းဖြစ်တယ်။ GIZ နဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့ Green Tea စက်ရုံကလည်း စီးကြာအင်းမှာ စခဲ့တယ်။ ရွာငံဘက်လည်း လုပ်နေပြီ။ တခြားဒေသတွေမှာလည်း ထွက်ရှိတဲ့သီးနှံအလိုက် ပွဲတော်တွေလုပ်နိုင်အောင် ဆောင်ရွက်မယ်။ ပွဲတော်တွေလုပ်ခြင်းဖြင့် စျေးကွက်ချိတ်ဆက်နိုင်မှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် အထောက်အကူပြု ပါတယ်ဟု ၎င်းကပြောကြားသည်။

ဒေသ၏ ရိုးရာအမွေအနှစ်ကို လက်ဆင့်ကမ်း သယ်ဆောင်ထိန်းသိမ်းနိုင်စေရန်၊ အဓိကထုတ်ကုန် လက်ဖက်၏ စျေးကွက်ခိုင်မာ၍ ချိတ်ဆက်မှုအားကောင်းစေရန်၊ လက်ဖက်၏ နိုင်ငံတကာစျေးကွက်တန်းဝင် တင်ပို့ရောင်းချနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရန်၊ အသက်မွေးဝမ်းကျောင်းမှုပညာရှင်များ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ကျယ်ပြန့်စွာလုပ်ဆောင်နိုင်ရန်နှင့် လက်ဖက်ဒေသထွက်ကုန်စည်ဖြင့် တောင်တန်းဒေသနှင့်လူနေမှုဘဝ တိုးတက်ဖွံ့ဖြိုးလာစေရန် အစရှိသည့်ရည်ရွယ်ချက်

များဖြင့် လက်ဖက်ပွဲတော်များကို ကျင်းပခြင်းဖြစ်ကြောင်းသိရသည်။ ယခုပြုလုပ်သော လက်ဖက်ပွဲတော်နှင့် ဒေသထွက်ရိုးရာကုန်စည်ပြပွဲမှာ ပင်းတယမြို့နယ်တွင် ဒုတိယအကြိမ် ပြုလုပ် ခဲ့သည့်ပွဲတော်ဖြစ်သည်။ လာမည့် ဒီဇင်ဘာ ၆ ရက်နှင့် ၇ ရက်တို့တွင် မန္တလေးမြို့နယ်တွင်လည်း အလားတူပွဲမျိုး ကျင်းပနိုင်ရန် စီစဉ်လျက်ရှိကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

http://htwettoe.com/article-details/news/8298467

## အာရှ ဆန်တင်ပို့နိုင်ငံတွေကြား မြန်မာထိုးဖောက်


မြန်မာနိုင်ငံက ပြည်ပကို ဆန်တင်ပို့ရောင်းချတာတိုးလာတဲ့အတွက် အာရှဒေသတွင်းက ဆန်တင်ပို့ရောင်းချတဲ့ နိုင်ငံတွေအတွက် ပြိုင်ဆိုင်မှုပိုများလာပါတယ်။ တကမ္ဘာလုံးမှာ ဝယ်လိုအားကျပြီး ဆန်ဈေးတက်တာကြောင့် ထိုင်းနိုင်ငံရဲ့ ဆန်တင်ပို့မှုတစုံလုံးအနေနဲ့ ဒီနှစ်မှာကျသွားတဲ့အကြောင်း၊ ဒါ့အပြင် မြန်မာနိုင်ငံရဲ့ ဆန်တင်ပို့နိုင်စွမ်းက ဒီနှစ်မှာပိုတိုးလာတာကြောင့်လည်း ပြိုင်ဆိုင်မှုပိုများလာတဲ့အကြောင်း ဘန်ကောက်မြို့တော်အခြေစိုက် ဆန်ကုန်သည်တဦးကပြောပါတယ်။ ထိုင်းဆန်ရောင်းလို့ရမယ့် ဈေးကွက်အသစ်တွေရှာဖွေတာကို ထိုင်းအစိုးရက အရှိန်မြှင့်လုပ်ဆောင်နေပြီး အီရတ်၊ တူရကီနိုင်ငံတွေကို ဆန်ရောင်းဖို့ကြိုးစားနေပါတယ်။ ဒါပေမယ့် ထိုင်းဘတ်ငွေက ပိုအားကောင်းနေတာကြောင့် ဆန်ဈေးတက်နေတာရယ်၊ ပြိုင်ဆိုင်မှုပိုများတာရယ်ကြောင့် ရောင်းနိုင်မယ့်အခွင့်အရေးက သိပ်နည်းတယ်လို့ကုန်သည်တွေကပြောပါတယ်။

ကမ္ဘာ့ထိပ်တန်း ဆန်တင်ပို့တဲ့နိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံရဲ့ ဆန်ဈေးနှုန်းကတော့ ငွေစပါးအထွက်နှုန်း ကောင်းပုံရတာကြောင့် သုံးနှစ်နီးပါးအတွင်း အနိမ့်ဆုံးဈေးထိကျသွားပါတယ်။ ဗီယက်နမ်ဆန်ဈေးက ငြိမ်နေပေမယ့် ခုချိန်ထိ ဆန်ရောင်းနိုင်မယ့် သဘောတူညီချက်အသစ်မရသေးဘဲ ဝယ်လိုအားသိပ်နည်းနေတယ်လို့ ဟိုချီမင်းစီးတီးအခြေစိုက် ကုန်သည်တဦးကပြောပါတယ်။ ဒီအတောအတွင်းမှာပဲ ဖိလစ်ပိုင်နိုင်ငံက ဆန်တင်သွင်းတာကိုရပ်မပစ်ဖို့ ဆုံးဖြတ်ထားပေမယ့် ဒေသခံလယ်သမားတွေရဲ့ဝင်ငွေထိခိုက်စေတဲ့ ဈေးပေါတဲ့ဆန်တွေဝင်လာတာကိုထိန်းချုပ်ဖို့ စားနပ်ရိက္ခာဘေးအန္တရာယ်ကင်းရေးလုပ်ဆောင်ချက်တွေကို တင်းကျပ်မယ်လို့ပြောထားပါတယ်။

**Source:** https://burmese.voanews.com/a/asia-myanmar-ric.../5176627.html

**VOA Burmese News**

## တရုတ်နှင့်ပေါင်း၍ လယ်ယာစီးပွားရေး ဝန်ဆောင်မှုစင်တာများဆောက်မည်




တရုတ်နိုင်ငံပိုင် CITIC Construction Group နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် MRF ၊ မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီ လီမိတက် (MAPCO) တို့ ပူးပေါင်း၍ လယ်ယာစီးပွားရေးဝန်ဆောင်မှုစင်တာ (Agri Services CentreASC) များ တည်ဆောက်မည်ဖြစ်သည်။ အဆိုပါ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို ယခုလလယ်တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး ရန်ကုန်၊ ဧရာဝတီ၊ မန္တလေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ခုစီတည်ထောင်မည်ဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုတန်ဖိုး အမေရိကန်ဒေါ်လာသန်း ၁၃၀ ဖြစ်ပြီး တောင်သူလယ်သမားများကို ဝန်ဆောင်မှုပေးမည်ဖြစ်သည်။ အဓိကတော့ လယ်ယာထွက်ကုန်သီးနှံတွေရဲ့ အရည်အသွေးကို ပိုမိုကောင်းမွန်လာအောင် ရိတ်သိမ်းချိန်နောက်ပိုင်း ထိန်းသိမ်းတဲ့နေရာမှာ လိုအပ်တဲ့အခြောက်ခံစက်၊ သိုလှောင်ရုံတွေနဲ့ ဝန်ဆောင်မှုပေးမယ်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်ကပြောသည်။

ထို့ပြင် တောင်သူများနှင့် အကျိုးတူ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တောင်သူများ၏ လယ်ယာထွက်ကုန်များ

တိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်း၊ သီးနှံများဈေးကွက်တင်ပို့ရာတွင် အရည်အသွေးကောင်းမွန်သည့် သီးနှံများ တင်ပို့နိုင်ရန် ကူညီပေးခြင်း၊ ပြည်တွင်းပြည်ပဈေးကွက်များသို့ စနစ်တကျထိုးဖောက်နိုင်ရန်စီစဉ်ပေးခြင်း စသည်ဖြင့် ဝန်ဆောင်မှုများစွာ ပါဝင်မည်ဟုလည်း ၎င်းကပြောသည်။ ASC စီမံကိန်းတွေဟာ မြန်မာတောင်သူတွေကို အကျိုးထိထိရောက်ရောက်ရရှိစေမှာပါ။ နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လမ်းညွှန်ချက်အရ မြို့နယ်လေးခုမှာ စံပြလုပ်ငန်းအနေနဲ့ ဆောင်ရွက်မှာဖြစ်ပါတယ်ဟု CITIC Group ၏ အာရှပစိဖိတ်ဌာနခွဲ အထွေထွေမန်နေဂျာ Mr. Xue Yong က ပြောသည်။

တွံတေး၊ ကျိုက်လတ်၊ မတ္တရာနှင့် ကျောက်တော်မြို့နယ်တို့တွင် တည်ထောင်မည့် အဆိုပါဝန်ဆောင်မှုစင်တာ လေးခုအတွက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကိုချုပ်ဆိုခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုအချိုးနှင့် အကျိုးအမြတ်ခွဲဝေမှု၊ မည်ကဲ့သို့ ပူးပေါင်းဆောင်ရွက်မည့် စသည့်ကိစ္စရပ်များကိုမူ ဆက်လက်ညှိနှိုင်းကာ အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း MRF ရုံးအဖွဲ့မှူး ဦးမြင့်လွင်ကပြောသည်။ အဲဒီအဆင့်တွေလည်း အမြန်ဆုံးလုပ်မှာပါဟု ၎င်းက နိုဝင်ဘာ ၁၈ ရက်ကပြောသည်။

ယခုစီမံကိန်းများအတွက် တရုတ်ကုမ္ပဏီက ရင်းနှီးမြှုပ်နှံမှုအချိုး ၃၀ ရာခိုင်နှုန်းပါဝင်ရန် အကြမ်းဖျင်းအားဖြင့်ရှိနေသော်လည်း အသေးစိတ်ကိုမူ ဆက်လက်ညှိနှိုင်းမည်ဖြစ်သည်။ CITIC၊ MRFနှင့် MAPCO တို့သည် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုရှိ မြို့နယ်ပေါင်း ၃၃ ခုတွင် အဆိုပါဝန်ဆောင်မှုစင်တာများ တည်ထောင်ရေးအတွက် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လကတည်းက နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ပြီးဖြစ်သည်။ သို့သော်လည်း မြို့နယ် ၃၃ မြို့နယ်တွင် ဝန်ဆောင်မှုစင်တာများ တည်ထောင်ရန် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ခန့် ရင်းနှီးမြှုပ်နှံမှု ရမည်ဖြစ်၍ ယခု သန်း ၁၃၀ ဖြင့် စင်တာလေးခုကို စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဦးရဲမင်းအောင်ကပြောသည်။ ဒီဟာကို နိုင်ငံတော်အစိုးရကိုတင်ပြပြီးတော့ အစိုးရရဲ့အာမခံ၊ ထောက်ခံချက်နဲ့ သက်သာတဲ့အတိုးနှုန်းနဲ့ချေးငွေ (ပြည်ပချေးငွေ) ယူပြီး ပြည်တွင်းကလုပ်ငန်းရှင်တွေရဲ့ ထည့်ဝင်မှုနဲ့ ပေါင်းစပ်အကောင်အထည်ဖော်ဖို့ ရည်ရွယ်ထားပါတယ်ဟု ၎င်းကပြောသည်။ သို့သော်လည်း နိုင်ငံတကာချေးငွေဖြစ်သောကြောင့် လွှတ်တော်၏ အတည်ပြုချက်ရယူရန် လိုအပ်ခြင်းကဲ့သို့သော လုပ်ငန်းစဉ်များ ရှိနေသဖြင့် ကိုယ်ပိုင်ရင်းနှီးမြှုပ်နှံမှုဖြင့် ကနဦးစတင်ခြင်းဖြစ်သည်။ လတ်တလော လေးနေရာမှာစတင်ပေမဲ့ Project Plan ကတော့ ၃၃ နေရာလုံး ဆောင်ရွက်မှာဖြစ်ပါတယ်ဟုပြောသည်။

**Source:** https://myanmar.mmtimes.com/news/131216.html

**myanmar.mmtimes**

## ရခိုင်ပြည်နယ်အတွင်း ပထမဆုံးသော အုန်းသီးမှ ကုန်ချောထုတ်လုပ်သည့်စက်ရုံ မာန်အောင်မြို့တွင် တည်ဆောက်လျက်ရှိပြီး မကြာမီဖွင့်လှစ်မည်

ရခိုင်ပြည်နယ်အတွင်း ပထမဆုံးသော အုန်းသီးမှ ကုန်ချောထုတ်လုပ်သည့်စက်ရုံကို မာန်အောင်မြို့တွင် တည်ဆောက်လျက်ရှိပြီး မကြာမီ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရှိရသည်။ အဆိုပါစက်ရုံမှ အုန်းသီးများကို အသုံးပြုကာ ကုန်ချော ခြောက်မျိုးခန့်ကို ထုတ်လုပ်သွားမည် ဖြစ်ကြောင်း သိရှိရပြီး အလုပ်အကိုင် အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ကြောင်း သိရသည်။


စီမံကိန်းမန်နေဂျာ ဦးအောင်သန်းက အဓိကတော့ ကျွန်တော်တို့ ရည်ရွယ်တာက အလုပ်အကိုင် အခွင့်အလမ်းတွေရလာမယ်။ ဒေသတွင်းမှာ စိုက်ပျိုးထားကြတဲ့ အုန်းပင်ပိုင်ရှင်တွေအတွက်လည်း အုန်းသီးဈေးငြိမ်မယ်။ ချင်းနဲ့ နာနတ်တို့ကိုလည်း စိုက်ပျိုးဖို့အတွက် တောင်သူတွေ အခွင့်အလမ်းတွေရရှိလာကြတဲ့အတွက် ဒီလုပ်ငန်းက မာန်အောင်မြို့နယ်အတွက် အထူးအခွင့်အရေးကောင်း တစ်ခုဖြစ်ပါတယ်။ ဒီစက်ရုံက ရခိုင်ပြည်နယ်မှာ အကြီးဆုံးစက်ရုံဖြစ်တဲ့အတွက် အားလုံးကလည်း ဒီလုပ်ငန်းကို ကြိုဆိုကြပါတယ်။ အလုပ်သမားအားဖြင့်တော့ ၂၅၀ လောက် အလုပ်အကိုင်အခွင့်အလမ်းတွေရမယ်။ နိုင်ငံတော်က သတ်မှတ်ပေးထားတဲ့ လစာနှုန်းထားတွေအတိုင်းပေးသွားမှာဖြစ်ပါတယ်ဟု ပြောကြားသည်။

အဆိုပါစက်ရုံကို မြရောာကုမ္ပဏီမှ ဦးဆောင် တည်ဆောက်ခြင်းဖြစ်ကာ မာန်အောင်မြို့တွင် ဖွင့်လှစ်ထားသည့် မာန်အောင်ရတနာ ကုမ္ပဏီလီမိတက် ကုမ္ပဏီခွဲမှ တာဝန်ယူ ဆောင်ရွက်ခြင်းဖြစ်ကြောင်းလည်း သိရှိရပါသည်။ မာန်အောင်မြို့အတွင်း အုန်းပင်ပေါများသည့်အတွက် ထိုလုပ်ငန်းကို လုပ်ကိုင်ရန် အသင့်တော်ဆုံးဖြစ်သော်လည်း မြို့နယ်အတွင်းမှ ထွက်ရှိသည့် အုန်းသီးများအပြင် တခြားနီးစပ်ရာ မြို့နယ်များမှာ အုန်းသီးများ ကိုလည်း ကျပ် ၁၁၀ နှုန်းဖြင့် ဝယ်ယူလျက်ရှိပြီဖြစ်ကြောင်း၊

စက်ရုံကို မြို့နှင့်သုံးမိုင်ခန့်ဝေးသည့် ဇီးတောကျေးရွာအနီးနေရာတွင်တည်ဆောက်ပြီး ၈၀ ရာခိုင်နှုန်း ပြီးစီးနေကြောင်းနှင့် မကြာမီဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

**Source:** https://news-eleven.com/article/146471

## လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ နိုင်ငံပေါင်း ၅၀ မှ ဒေါ်လာ ၈၁ ဘီလျံကျော် ရင်းနှီးမြှုပ်နှံထားပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ၂၇ ရာခိုင်နှုန်းကျော်နှင့် လျှပ်စစ်ကဏ္ဍတွင် ၂၆ ရာခိုင်နှုန်းနီးပါးမြှုပ်နှံထား




လက်ရှိအချိန်တွင် နိုင်ငံပေါင်း ၅၀ မှ မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် ဒေါ်လာ ၈၁ ဒသမ ၇ ဘီလျံကျော် ရင်းနှီးမြှုပ်နှံထားပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၃၉ ရာခိုင်နှုန်းနှင့် လျှပ်စစ်ကဏ္ဍတွင် ၂၆ ရာခိုင်နှုန်းနီးပါးမြှုပ်နှံထားကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှသိရသည်။ ၁၉၈၈- ၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာနှစ်ကုန်အထိ မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၈၁၈၇၄ ဒသမ ၂၆၅ သန်းဝင်ရောက်ထားသည်။

ကဏ္ဍအလိုက် ဝင်ရောက်မြှုပ်နှံထားမှုကို လေ့လာကြည့်ပါက ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် ဒေါ်လာ ၂၂၄၂၀ ဒသမ ၅၇၂ သန်းဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၇ ဒသမ ၃၈ ရာခိုင်နှုန်း၊ လျှပ်စစ်ကဏ္ဍတွင် ဒေါ်လာ ၂၁၁၇၈ ဒသမ ၁၃၂ သန်းဖြင့် ၂၅ ဒသမ ၈၇ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှု ကဏ္ဍတွင် ဒေါ်လာ ၁၁၅၂၈ ဒသမ၅၅၆ သန်းဖြင့် ၁၄ ဒသမ ၀၈ ရာခိုင်နှုန်း၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၀၉၀၈ ဒသမ ၄၃၃ သန်းဖြင့် ၁၃ ဒသမ ၃၂ ရာခိုင်နှုန်း၊ အိမ်ခြံမြေကဏ္ဍတွင် ဒေါ်လာ ၅၄၆၇ ဒသမ ၂၈၀ သန်းဖြင့် ၆ ဒသမ ၆၈ ရာခိုင်နှုန်း၊ ဟိုတယ်နှင့်ခရီးသွားကဏ္ဍတွင် ဒေါ်လာ ၃၁၁၈ ဒသမ ၉၃၆ သန်းဖြင့် ၃ ဒသမ ၈၁ ရာခိုင်နှုန်း၊ သတ္တုကဏ္ဍတွင် ဒေါ်လာ ၂၉၀၄ ဒသမ ၉၁၆ သန်းဖြင့်၃ ဒသမ ၅၅ ရာခိုင်နှုန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍတွင် ဒေါ်လာ ၇၆၆ ဒသမ ၃၂၇ သန်းဖြင့် ၀ ဒသမ ၉၄ ရာခိုင်နှုန်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဒေါ်လာ ၄၁၄ ဒသမ ၁၂၀ သန်းဖြင့် ၀ ဒသမ ၅၁ ရာခိုင်နှုန်း၊ Industrial Estate ကဏ္ဍတွင် ဒေါ်လာ ၃၂၀ ဒသမ ၀၈၂ သန်းဖြင့် ၀ ဒသမ ၃၉ ရာခိုင်နှုန်း၊ ဆောက်လုပ်ရေးကဏ္ဍတွင် ဒေါ်လာ ၃၇ ဒသမ ၇၆၇ သန်းဖြင့် ၀ ဒသမ ၀၅ ရာခိုင်နှုန်း၊ အခြားကဏ္ဍတွင် ဒေါ်လာ ၂၈၀၈ ဒသမ ၉၄၄ သန်းဖြင့် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၃ ဒသမ ၄၃ ရာခိုင်နှုန်းဖြစ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၈/၂၀၁၉) ကြိမ်မြောက်အစည်းအဝေးကို နိုဝင်ဘာ ၁၆ ရက်က ကျင်းပခဲ့ပြီး အဆိုပါအစည်းအဝေးတွင် ကုန်ထုတ်လုပ်မှုကဏ္ဍ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းကဏ္ဍ၊ အခြားဝန်ဆောင်မှုကဏ္ဍနှင့် အိမ်ရာအဆောက်အဦ ကဏ္ဍတို့မှ လုပ်ငန်းရှစ်ခုခွင့်ပြုခဲ့သည်။ အဆိုပါလုပ်ငန်းများ၏ရင်းနှီးမြှုပ်နှံမှု ပမာဏမှ ဒေါ်လာ ၁၆၅ ဒသမ ၈၅၃ သန်းနှင့် ကျပ် ၉၉၅၄၃ ဒသမ ၃၅၈ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း ၁၇၃၉ နေရာကို ဖန်တီးပေးမည်ဖြစ်သည်။ နှစ် ၂၀ အတွင်း မြန်မာနိုင်ငံအတွင်းသို့ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာဘီလျံ ၂၀ ကျော် ရရှိစေရန်နှင့် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများ ပိုမိုစီးဝင်လာစေရေး မျှော်မှန်းဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးစီမံကိန်းကို ကာလတိုငါးနှစ် (၂၀၁၆-၂၀၁၇ ခုနှစ်မှ ၂၀၂၀-၂၀၂၁အထိ)၊ ကာလလတ်ငါးနှစ်(၂၀၂၁-၂၀၂၂ခုနှစ်မှ-၂၀၂၅-၂၀၂၆အထိ)၊ ကာလရှည်၁၀နှစ်(၂၀၂၆-၂၀၂၇ခုနှစ်မှ ၂၀၃၅-၂၀၃၆အထိ) အသီးသီးဆောင်ရွက်သွားမည်ဖြစ်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၅ ဒသမ ၈ ဘီလျံဝင်ရောက်ရန် မျှော်မှန်းထားကြောင်းသိရသည်။

**Source:** https://news-eleven.com/article/145970

## ရန်ကုန်ဈေးကွက်အတွင်း စားအုန်းဆီဈေးမြင့်တက်လာ



ယခုရက်ပိုင်းအတွင်း ရန်ကုန်ဈေးကွက်တွင် စားအုန်းဆီဈေးနှုန်းများ အနည်းငယ်မြင့်တက်လာကြောင်း ဆီကုန်သည်များထံမှ သိရသည်။ စားအုန်းဆီဈေးတက်တာက ပြည်ပဈေးကွက်ပေါ်မူတည်ပြီးတော့ အပြောင်းအလဲဖြစ်တာပါ။ အခု တရုတ်နိုင်ငံက စားအုန်းဆီ ပိုမို တင်သွင်းတဲ့အတွက် ဈေးတွေမြင့်တက်လာတာဖြစ်ပါတယ်။ နောက်တစ်ခုက ဆီကိုအများဆုံးစားသုံးနေတဲ့ အိန္ဒိယနိုင်ငံက ဒီနှစ်မှာ သီးနှံအထွက်လျော့တဲ့အတွက် စားအုန်းဆီကိုပဲ အဓိကထားဝယ်ယူတင်သွင်းတဲ့အတွက် ဒီရက်ပိုင်းမှာ စားအုန်းဆီဈေးနှုန်းတွေ မြင့်တက်လာတာဖြစ်ပါတယ်ဟု မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးပိုင်ဖြိုးသန့်က ပြောသည်။

နိုဝင်ဘာလဆန်းပိုင်းက စားအုန်းဆီလက်ကားတစ်ပိဿာလျှင် ငွေကျပ် ၁၆၃၅ ကျပ်ရှိရာမှ လက်ရှိတွင် ငွေကျပ် ၁၇၅၀ သို့ မြင့်တက်လာခြင်းဖြစ်သည်။ လက်လီဈေးကွက်တွင်လည်း ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးကွက်အနေအထားမှာ မှန်းဆမရနိုင်သော အခြေအနေမျိုးဖြစ်သည်။ လောလောဆယ်ဈေးကွက်ထဲမှာ စားအုန်းဆီက ပိုပြီးအရောင်းသွက်ပါတယ်။ ဈေးကလည်း ဒီရက်ပိုင်းနည်းနည်းတက်တယ်။ အရောင်းအဝယ်က ပုံမှန်တော့မရှိပါဘူးဟု လမ်းမတော်မြို့နယ် ညောင်ပင်လေးဈေးအတွင်း စားအုန်းဆီလက်လီ၊ လက်ကားရောင်းချနေသည့် ဦးခင်ဇော်ကပြောသည်။ လတ်တလောတွင် ရန်ကုန်မြို့ညောင်ပင်လေးဈေးရှိ စားသုံးဆီဆိုင်များသို့ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသမှ လာရောက်ဝယ်ယူမှုရှိသော်လည်း ယခင်ထက်ဝယ်ယူမှု နည်းပါးကြောင်းသိရသည်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2503-palm-oil-rises-in-yangon-market.html

## စင်ကာပူ-အီးယူကုန်သွယ်ရေးသဘောတူညီချက် နိုဝင်ဘာ ၂၁ ရက်တွင် အသက်ဝင်လာမည်

ဥရောပသမဂ္ဂ (အီးယူ) နဲ့ စင်ကာပူအကြားက လွတ်လပ်သော ကုန်သွယ်ရေးစာချုပ်တစ်ရပ်ကတော့ နိုဝင်ဘာ ၂၁ ရက်မှာ စတင် အသက်ဝင်လာပြီဖြစ်ပါတယ်။ အဆိုပါ အထင်ကရကုန်သွယ်ရေးစာချုပ်ကြောင့် အီးယူအခြေစိုက် စီးပွားရေး လုပ်ငန်းတွေကို ကမ္ဘာပေါ်မှာ အမြန်ဆန်ဆုံးတိုးတက်နေတဲ့ consumer markets တွေနဲ့အကြား ပိုမိုနီးကပ်သွားစေမှာဖြစ်ပါတယ်။ ဒါဟာ အီးယူအုပ်စုအနေနဲ့ အာရှဒေသတစ်ဝန်းမှာ ကုန်သွယ်ရေးစာချုပ်တွေကို အရှိန်မြှင့်ဖော်ဆောင်လုပ်ကိုင်နေတဲ့ အထောက်အထားတစ်ခုလည်းဖြစ်ပါတယ်။ ဥရောပသမဂ္ဂ-စင်ကာပူ လွတ်လပ်သောကုန်သွယ်ရေးစာချုပ် (EUSFTA) ကတော့ အီးယူအုပ်စုအနေနဲ့ အရှေ့တောင်အာရှမှာပထမဆုံးရရှိခဲ့တဲ့ ကုန်သွယ်ရေးစာချုပ်တစ်ခုဖြစ်ပါတယ်။

ယင်း စာချုပ်အရ စင်ကာပူအနေနဲ့ နိုင်ငံထဲဝင်လာတဲ့ အီးယူထုတ်ကုန်အားလုံးအပေါ် အခွန်အခတွေ ဖယ်ရှားပေးသွားမှာဖြစ်ပါတယ်။ အပြန်အလှန်အားဖြင့် အီးယူအုပ်စုကလည်း ပထမအဆင့်အဖြစ်စင်ကာပူပို့ကုန် ၈၄ ရာခိုင်နှုန်းကို အခွန်တွေ ဖယ်ရှားပေးမှာဖြစ်ပြီးနောက် သုံးနှစ်ကနေ ငါးနှစ်အတွင်း ကျန်ရှိတဲ့ ပို့ကုန်တွေကို အခွန်တွေ ဖယ်ရှားပေးသွားမှာဖြစ်ပါတယ်။

**Source:** https://www.zeebiz.com/.../news-singapore-trade-deal-to-boost...

**SFJ Strategy First Journal**

## နယူးဒေလီမြို့၌ မြန်မာခရီးသွားလုပ်ငန်းမြှင့်တင်ရေး ပြပွဲကျင်းပခြင်း






မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍအား မြှင့်တင်ရန်ရည်ရွယ်လျက် အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့ရှိ မြန်မာသံရုံး၏ စီစဉ်မှုဖြင့် Myanmar Tourism Road Show ပြပွဲကို ၂၁.၁၁.၂၀၁၇ နေ့တွင် နယူးဒေလီမြို့၊ ချနကြာပူရီအရပ်ရှိ မြန်မာသံအမတ်ကြီး၏ နေအိမ်၌ ကျင်းပခဲ့ပါသည်။ အဆိုပါပြပွဲ၌ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင က အဖွင့်အမှာ စကား ပြောကြားခဲ့ပြီး အိန္ဒိယနိုင်ငံ၊ ချန်နိုင်းမြို့မှ မြန်မာဂုဏ်ထူးဆောင် ကောင်စစ်ဝန် Dr. Jayaraman Ranganathan ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း (UMTA) မှ ဥက္ကဋ္ဌ ဦးနောင်နောင်ဟန်၊ မြန်မာသံရုံးမှ ဝန်ထမ်းများ၊ ဆွေးနွေးပွဲဖြစ်မြောက်ရေး ပံ့ပိုးကူညီသည့် ကုမ္ပဏီများမှကိုယ်စားလှယ်များနှင့် အိန္ဒိယနိုင်ငံဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်း နယ်ပယ်ရှိ ကုမ္ပဏီများမှ ကိုယ်စားလှယ် ၅၀ ကျော်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

ပြပွဲတွင် မြန်မာသံရုံးမှ သံမှူးကြီး ဦးအောင်အောင်မျိုးသိမ်းက ခရီးသွားများအား ဆွဲဆောင်မှုရှိသည့် မြန်မာနိုင်ငံရှိ ဘာသာရေးနှင့်ယဉ်ကျေးမှုနေရာများ၊ အပန်းဖြေစခန်းများ၊ သဘာဝပတ်ဝန်းကျင် အလှအပများအား လေ့လာခံစားနိုင်မည့် အထင်ကရနေရာများနှင့် ရပ်ရွာ အခြေပြု ခရီးသွားနယ်မြေများ အကြောင်းကိုလည်းကောင်း၊ စီးပွားရေးသံမှူး ဦးနေအေးလွင် က မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာနှင့်ဆက်သွယ်သွားလာနိုင်မှုနှင့် ဟိုတယ်နှင့် ခရီးသွား လုပ်ငန်း၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများကို လည်းကောင်း၊ နယူးဒေလီမြို့ရှိ STIC Travels Private Limited မှ ဒုတိယဥက္ကဋ္ဌ Mr. Sanjay Kapoor က Myanmar Airways International (MAI) ၏ ပြည်ပလေကြောင်းခရီးစဉ် ဝန်ဆောင်မှု များနှင့် မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများသို့ ပျံသန်းပြေးဆွဲမှု၊ အခြားလေကြောင်းလိုင်းများနှင့် ချိတ်ဆက်ဆောင်ရွက်မှု များကိုလည်းကောင်း၊ မဇ္ဈိမမီဒီယာအဖွဲ့မှ အယ်ဒီတာချုပ်ဦးစိုးမြင့်က မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ရှိ ခရီးသွားဝန်ဆောင်မှု လုပ်ငန်းများချိတ်ဆက်၍ အပြန်အလှန်ခရီးသွားလာရေး အစီအစဉ် (Inbound/ Outbound tours) များ လုပ်ကိုင်နိုင်မည့် အခြေအနေကိုလည်းကောင်း အသီးသီးဆွေးနွေးတင်ပြကြပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် ရှင်းလင်း ဖြေကြားခဲ့ကြသည်။

မေးမြန်းဆွေးနွေးချက်များအရ Myanmar Tourism Road Show သို့ တက်ရောက်လာ သည့် အိန္ဒိယ ခရီးသွားဝန်ဆောင်မှု ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံရှိ ခရီးသွားလုပ်ငန်းရှင်များ နှင့် ချိတ်ဆက်လျက် Inbound/ Outbound tours လုပ်ငန်းများ လုပ်ကိုင်ရန် စိတ်ဝင်စားမှု ရှိကြောင်း တွေ့ရှိရသည်။ STIC Travels Private Limited မှ Mr. Sanjay Kapoor ၏ ပြောကြားချက်အရ MAI သည် လက်ရှိပျံသန်းပြေးဆွဲနေသည့် ကော်ကတ္တား – ရန်ကုန် ခရီးစဉ်အတွက် ခရီးစဉ်တစ်ကြောင်းလျှင် အိန္ဒိယရူပီးငွေ ၆၄၀၀ ၊ အသွား/အပြန် ခရီးစဉ်အတွက် ရူပီးငွေ ၁၀၄၀၀ ဖြင့် ကျသင့်အခွန်အခများ ပါဝင်ပြီးဖြစ်သည့် အထူးနှုန်းထားများဖြင့် ဝန်ဆောင်မှုများပေးအပ်မည်ဖြစ်ကြောင်း၊ ခရီးသည် တစ်ဦးလျှင် ၃၀ ကီလိုဂရမ်အထိ Baggage Allowance အခမဲ့ သယ်ဆောင်ခွင့်ပြုမည်ဖြစ်ကြောင်း၊ ခရီးစဉ်ပြင်ပရှိနိုင်ငံများမှ လေယာဉ်လက်မှတ် ကြိုတင် မှာယူခြင်း (SOTO fares) အား အခွန်အခများပါဝင်ခြင်းမရှိသည့် အထူးနှုန်းထားအဖြစ် ခရီးစဉ်တစ်ကြောင်းအတွက် အမေရိ ကန်ဒေါ်လာ ၁၂၆ ဖြင့်လည်းကောင်း၊ အသွား/အပြန်ခရီးစဉ်အတွက် အမေရိကန်ဒေါ်လာ ၂၁၀ ဖြင့်လည်းကောင်း ရောင်းချ ပေးမည်ဖြစ်ကြောင်းသိရှိရသည်။

**Source:** စီးပွားရေးသံမှူး–နယူးဒေလီမြို့

**Myanmar legalizes foreign remittances**

Independent cash remittance services can now receive official licenses to transfer money between Myanmar and other countries. The Central Bank of Myanmar will issue the licenses mainly to overseas employment agencies.

Myanmar people have been able to use bank transfers to send money to and from the country. However, many of the roughly 5 million Myanmar people living abroad do not have access to end-to-end banking, and many international banks do not accept money from Myanmar. Thus, migrant workers, especially undocumented migrants, have been forced to use informal and illegal channels to send money back home. After decades of development of a grey market, although these "hundi" transfer services can be remarkably secure and reliable, the Myanmar government does not gain any revenue from them. A 2017 report in Frontier magazine estimated that around USD 2.5 billion in funds enter and leave Myanmar via illegal channels.

With the new license, agencies will be able to legally transfer money even for undocumented workers. Applicants must provide a deposit of MMK 100 million, and may transfer a maximum of USD 5,000 per month per worker. The Central Bank claims the new licensing scheme will both provide new revenue and help it keep better records of the money entering and leaving Myanmar. But it remains to be seen whether the new, legal transfer scheme will come to replace the decades-old hundi industry.

**IFC: Myanmar should go solar**

Solar can help Myanmar can fill its electricity shortage and reduce the cost of power, the International Finance Solar can help Myanmar fill its electricity short-age and reduce the cost of power, the International Finance Corporation (IFC) argued in a recent report. The IFC (which is the private sector financing arm of the World Bank Group) claimed that investing in solar projects could provide Myanmar with 700 megawatts of currently untapped power generation capacity.

"Several commercial and industrial businesses are in a good position to take advantage of the fast-growing distributed solar generation sector through private-sector led solutions and financing," Isabel Chatterton, of the IFC's Asia Pacific team, told the Myanmar Times.

Currently only around 60 percent of Myanmar people have access to the national power grid. The government aims for total electrification by 2030, which will require USD 2-3 billion dollars in new investments. However solar power accounts for only a small fraction of Myanmar's planned energy mix. The report, the "Myanmar Distributed Generation Scoping Study" released this month, claims that Myanmar's solar goals are not nearly ambitious enough.

The report continued that solar could aid Myanmar's power goals in the long term as well as the short term. Surging demand for power caused rolling blackouts in Yangon during the previous hot season, and the government is scrambling to boost its generating capacity with emergency tenders for gas-fired power plants and imported liquid natural gas. In July, the government raised electricity tariffs, doubling or tripling power prices for most households. Solar, the IFC argued, should be part of the solution to these problems.

**Environmental groups slam Myanmar's first coal plant**

Environmental and civil society groups are criticizing the environmental impact assessment (EIA) for Myanmar's

first coal power plant. Chinese firm Wuxu Huaguang Electric Power Engineering commissioned the EIA after it took over the power plant, located in Tigyit, Shan State, in 2016. But after reviewing the assessment, a consortium of organizations claimed that the assessment was not comprehensive and does not ensure that the communities and ecosystems around the plant are being protected.

The Myanmar Alliance for Transparency and Accountability (MATA) conducted the review in partnership with EarthRights International, Environmental Law Alliance Worldwide, Greenpeace International and Hydrocology Consulting.

"When we, MATA, asked help from experts to read the report they found that the report deviates from interna-tional standards and our own national standards," MATA member Ko Aung Kyaw Moe told the Myanmar Times.

MATA represents over 450 individuals and civil society groups across Myanmar, and its criticisms are not meaning-less to the future of the plant and its operations. Myanmar communities have been historically suspicious of Chinese-backed power plants. One notorious example is the Myitsone Dam, a proposed 6000-megawatt hydroelectric plant that has been mired in controversy for years.

**China to invest USD 130 million in agriculture**

A Chinese state-owned enterprise will invest in three agricultural centers around Myanmar valuing USD 130 mil-lion. The Chinese CITIC Construction Group will partner with the Myanmar Rice Federation (MRF) and the Myanmar Agribusiness Public Corporation (MAPCO) to establish the centers, which will be in Ayeyarwady Region, Mandalay Region and Rakhine State, according to the Myanmar Times.

The centers will be meant to improve the quality of agricultural products in Myanmar. They will include crop dryers and post-harvest storage warehouses, according to an MRF spokesperson. The improvements could eventually help Myanmar's agricultural industry access new export markets. The majority of Myanmar's workers are farmers, although Myanmar's agricultural exports are low relative to the volume it produces. Part of the problem is that Myanmar farming practices usually fail to meet international standards of fertilizer and pesticide use and other practices.

Asia remains Myanmar's main agriculture export market, and China has been working to help Myanmar boost its capacity. The MRF has also recently signed an MOU with China to export 250,000 tonnes of rice. An industry report by the World Bank said "there are good market prospects to accommodate higher rice exports from Myanmar over the next 10-15 years. China is becoming a large net importer of Myanmar rice. The European Union has opened its markets for duty free imports from Myanmar."

**Source: Thura Swiss News (Issue 392 November 21, 2019)**

# STOCK EXCHANGE (22.11.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 22nd Nov. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +500 | +4.35% | 12,000 | 12,000 | 11,500 | 717 | 8,586,500 | 27,112,747 | 325,353 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,850 | 3,850 | 3,850 | 8,931 | 34,384,350 | 38,929,150 | 149,877 |
| MCB | 00003 | 8,300 | +0 | +0.00% | 8,300 | 8,300 | 8,300 | 200 | 1,660,000 | 10,400,986 | 86,328 |
| FPB | 00004 | 23,000 | +0 | +0.00% | 23,000 | 23,000 | 23,000 | 171 | 3,933,000 | 2,472,053 | 56,857 |
| TMH | 00005 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 1 | 3,000 | 12,823,224 | 38,470 |

## Market summary

As of 22nd Nov. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 479.72 | +9.90 | +2.11% | 479.72 | 479.72 | 469.82 | 10,020 | 48,566,850 | 5 | 656,885 |

### Index chart




# Market Overview

As of 1:00 pm, 22nd Nov. 2019

| MYANPIX | 479.72 |
|---|---|
| | ▲ 9.90 |
| Total Volume (shares) | 10,020 |
| Total Value (MMK) | 49 mil |
| Listed Company | 5 |
| Market Cap. (MMK) | 656,885 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲ 500 |
| MTSH | 00002 | 3,850 | ▲ 0 |
| MCB | 00003 | 8,300 | ▲ 0 |
| FPB | 00004 | 23,000 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 0 |